ပုံစံ(မနသ-၂)

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ်၊ မနသ-......၆၁၄...../ ၂၀၀၃ ။ ၂၀၀၃ ခုနှစ်၊ မေ လ ၈ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏ အမည် ဒေါ်ခင်မူယာ အောင်

(ခ) အဘအမည် ဦးသန်း အောင်

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၆/သရခ(နိုင်)၀၀၀၀၂၈

(ဃ) နေရပ်လိပ်စာ အမှတ်(၁၂၇)၊ ဝက်မစွတ်ဝန်ထောက်လမ်း၊ လှိုင်သာယာစက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့်အဖွဲ့အစည်း အထည်လက်ရာကုမ္ပဏီလီမိတက် (Textile Handiworks Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား C M P စနစ်ဖြင့်အထည်ချုပ်လုပ်ခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) မြေကွက်အမှတ်(၉)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ လှိုင်သာယာစက်မှုဇုန်အပိုင်း(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း ။

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) (၅၂.၂၁)သန်း (ကျပ်ငါးဆယ့်နှစ်သန်း၊ နှစ်သိန်း တစ်သောင်း)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၇၅/၂၀၀၃ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၅ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
(၂၀၀၃ ခုနှစ်၊ မေလ ၈ ရက်)

၁။ မြန်မာ ကုမ္ပဏီဖြစ်သော အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.) သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဦးအောင်ဇော်ဦးနှင့် ဦးအောင်ဇော်လတ်တို့ အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)၊ ဖန်ချက်ဝန် ဦးရွှေအိုးလမ်း၊ မြေကွက်အမှတ်(၉)ရှိ မြေ(၁.၄၂၃)ဧက (၅၇၅၈.၆၈ စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦကို ငှါးရမ်း၍ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြချက်အား (၂၇-၁၂-၂၀၀၂) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၄၁/၂၀၀၂) အစည်းအဝေး သို့တင်ပြခဲ့ပါသည်။ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး (၃၀-၁-၂၀၀၃) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၅/၂၀၀၃) အစည်းအဝေးသို့ ဆက်လက်တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ သဘောတူညီချက်အရ (၂၇-၂-၂၀၀၃)နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၇/၂၀၀၃) အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအခန်း(၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် အထည် လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.) အား CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့် အမှတ်၊ မနသ- ၆၁၄/၂၀၀၃ ကို ထုတ်ပေးလိုက်သည်။

၂။ အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.) အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ကုန်ထုတ်လုပ်မှု လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန် လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃(ခ)အရ လုပ်ငန်းက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့် အမြတ်ငွေအပေါ်တွင် (၅၀) ရာခိုင်နှုန်းအထိ ကာလအကန့်အသတ်ဖြင့် ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန်ကင်းလွတ်ခွင့် (၃)နှစ်ခံစားပြီးနောက် လုပ်ငန်း၏ အမှန်တကယ် အကောင်အထည် ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထား ရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ဂ)အရ ထုတ်လုပ်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့်နှုန်းအထိ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်မှုရှိပါက သတ်မှတ်ချက်နှင့်အညီ ဝင်ငွေခွန်သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါ လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက် နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(စ)အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည်ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်)

သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လုပ်ငန်းအမှန်တကယ် အကောင်အထည်ဖော်နိုင်မှု အခြေအနေကိုဖော်ပြလျက် ဤကော်မရှင်သို့တင်ပြလျှောက်ထား ရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃(ဆ)အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ်တန်ဖိုးလျော့ငွေ ကို သတ်မှတ် သည့်နှုန်း အတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့ နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဈ)အရ သတ်မှတ်ထားသည့် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလကုန်ဆုံး၍ ပထမ (၃)နှစ်အတွက် ကုန်ထုတ်လုပ်ရန် ပြည်ပမှတင်သွင်းသည့် လုပ်ငန်းသုံးပစ္စည်းများ အပေါ်တွင် အကောက်ခွန်နှင့်အခြားပြည်တွင်းအခွန်အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

(စ) ဥပဒေပုဒ်မ ၁၃(ည)အရ ထုတ်လုပ်မည့် ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရောင်းချမှုအပေါ် ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဈ) အရ ပြည်ပမှ တင်သွင်းသည့် လုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်၍ အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

(က) ပြည်ပမှတင်သွင်းမည့် ပစ္စည်းများအတွက် နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း (Source of Payments for Import) ကို ဖော်ပြရန်။

(ခ) တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေး ကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်း အထောက်အထား(Inspection Certificate) ဖြင့် တင်သွင်းမည့် ပစ္စည်းအမျိုးအစား စာရင်း (Invoice and Packing List) များကို နိုင်ငံခြား မတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေးအဖွဲ့ငယ်သို့ တင်ပြ၍ ထောက်ခံချက် ရယူရန်။

၄။ အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.) သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်းဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ဖော်ပြထားသည့် ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှုရည်မှန်းချက်များကို အနိမ့်ဆုံးရည်မှန်းချက်များ အဖြစ်ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၅။ အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.) သည် လုပ်ငန်း ဆောင်ရွက်မှုအတွက် နိုင်ငံခြားငွေဖြင့် ရရှိသော အမှန်တကယ် ချုပ်ခရငွေများကို မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်/မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်ရှိ မိမိ၏ ငွေစာရင်းသို့ မပျက်မကွက် ပေးသွင်းစေရမည်။ အလုပ်သမားများအတွက် လုပ်အားခပေးရန် အမှန်တကယ် ချုပ်ခရငွေ (နိုင်ငံခြားငွေ)များကို သတ်မှတ် ခွင့်ပြုထားသည့် MONEY CHANGER များတွင် FEC လဲလှယ်ပြီး မိမိတို့၏ အလုပ်သမားများအား လုပ်ခလစာများ ပေးရမည်။

၆။ အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.) သည် ဤအဆိုပြု လုပ်ငန်း၏ စာရင်းများကို သီးခြားပြုစုထားရှိရမည်။

၇။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် မြေနှင့်အဆောက်အဦ အငှါးချထားသူ ဦးအောင်ဇော်ဦး၊ ဦးအောင်ဇော်လတ်နှင့် အငှါးချထားခြင်းခံရသူ အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.) တို့ချုပ်ဆိုမည့် မြေနှင့် အဆောက်အဦ ငှါးရမ်းခြင်း သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည့်အခါ ယင်းသဘောတူစာချုပ် မိတ္တူ(၅)စောင်ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။

၈။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှုနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရမှ မြေယာနှင့် ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာ ဆောင်ရွက်ရမည်။

၉။ အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.) မှ နိုင်ငံခြားသား ကျွမ်းကျင်သူများ ငှားရမ်းခွင့် ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၉)၊ ၁ပိုဒ် ၃၃ပါ သတ်မှတ်ချက်များနှင့်အညီ ဤကော်မရှင်သို့ သီးခြား တင်ပြလျှောက်ထားရမည်။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၀။ အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.) သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ်လာ စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်း ကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထား သည့်အတိုင်း စံနစ်တကျထားရှိ ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၁။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ခွင့်ပြုမိန့်တွင် ဖော်ပြထားသည့် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် နေရပ်ဒေသလိပ်စာနှင့် ရင်းနှီးမြှုပ်နှံသူ၏ အဖွဲ့အစည်း၏ နေရပ်လိပ်စာ (ကုမ္ပဏီ၏ ရုံးခန်းလိပ်စာနှင့် တယ်လီဖုန်း နံပါတ်) တို့ ပြောင်းလဲမှုရှိတိုင်း ဤ ကော်မရှင်သို့ မပျက်မကွက် တင်ပြ၍ အတည်ပြု ခွင့်ပြုချက်ကို ရယူရမည်။

၁၂။ အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.) သည် ပူးတွဲပါ ကနဦးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး (သုံး)လ အတွင်း ဤ ကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။ ထို့အပြင် လုပ်ငန်း အကောင်အထည်ဖော်မှု အခြေအနေများကို သတ်မှတ်ထားသော ပုံစံဇယားများဖြင့် (၆)လ တစ်ကြိမ် (ဧပြီ/ အောက်တိုဘာလ) မပျက်မကွက် ပုံမှန် ပေးပို့ အစီရင်ခံရမည်။ အဆိုပြုလုပ်ငန်း စတင်ဆောင်ရွက်သည့် နေ့ရက်ကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၃။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့်နေ့မှစ၍ (တစ်)နှစ်အတွင်း အဆိုပြုလုပ်ငန်းကို စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၁၄။ အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ချမှတ်ထားသော တည်ဆဲ စည်းမျဉ်း စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက ဤခွင့်ပြုမိန့်ကို ပြန်လည် ရုပ်သိမ်းသည်အထိ အရေးယူခြင်း ခံရမည်။

၁၅။ အဆိုပြုလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သဖြင့် မည်သည့် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းကမျှ ပိုင်ဆိုင်ခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း မရှိစေရ။ အကယ်၍ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြား အဖွဲ့အစည်းက ပိုင်ဆိုင်ကြောင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲကြောင်း သက်ဆိုင်ရာက စစ်ဆေးတွေ့ရှိလျှင် ပုဂ္ဂလိက စက်မှုလုပ်ငန်း မှတ်ပုံတင်ကို ပယ်ဖျက်ပြီး စက်ရုံ ပိတ်သိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ညှိနှိုင်း ဆောင်ရွက်မည့် အပြင် လုပ်ငန်းအဆိုပြု သူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၅(င)အရ နောင်တွင် မည်သည့် ခွင့်ပြုမိန့်မျှ ထုတ်ပေးမည် မဟုတ်သော နာမည်ပျက်စာရင်း၌ ထည့်သွင်းခြင်း ခံရမည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

စာအမှတ်၊ ရက-၁/မ-၈၁၈/၂၀၀၃ (၅၇၇ -ခ)

ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ မေလ ၈ ရက်။

ဖြန့်ဝေခြင်း-

၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။

၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။

၃။ အစိုးရအဖွဲ့ရုံး။

၄။ ကာကွယ်ရေး ဝန်ကြီးဌာန၊ တပ်မတော် ထောက်လှမ်းရေး ဌာနချုပ်ရုံး၊ (ပြည်တွင်း ထောက်လှမ်းရေး ဌာန)။

၅။ အမှတ်(၁)စက်မှုဝန်ကြီးဌာန။

၆။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။

၇။ အလုပ်သမား ဝန်ကြီးဌာန။

၈။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။

၉။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။

၁၀။ ဆောက်လုပ်ရေး ဝန်ကြီးဌာန။

၁၁။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။

၁၂။ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၃။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၁၄။ ဥက္ကဋ္ဌ၊ CMP လက်ခစားလုပ်ငန်းများ စိစစ်ရေးကော်မတီ။ (အမှတ်(၁) စက်မှုဝန်ကြီးဌာန)
၁၅။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။
၁၆။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန။
၁၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အထည်အလိပ်လုပ်ငန်း။
၁၉။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာန။
၂၁။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၂၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။
၂၃။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၂၄။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
၂၅။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၂၆။ ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန။
၂၇။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန။
၂၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၂၉။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။
၃၀။ အုပ်ချုပ်မှု ဒါရိုက်တာ၊ အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.)။

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/ဗ-၁၄၄၉/ ၂၀၀၂ (၄၈၁၃-၉)
ရက်စွဲ၊ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်။

<u>ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့ သို့ တင်ပြသည့်</u>
<u>အမှာစာ</u>

အကြောင်းအရာ။ <u>အထည်လက်ရာ ကုမ္ပဏီ လီမိတက် မှ CMP စနစ်ဖြင့် အထည်ချုပ် လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်း ကိစ္စ။</u>

၁။ မြန်မာကုမ္ပဏီဖြစ်သော အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.) မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၂၇-၁၂-၂၀၀၂) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၄၁/၂၀၀၂) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ ယင်းဆုံးဖြတ်ချက်အရ (၃၀-၁-၂၀၀၃) နေ့တွင် ကျင်းပခဲ့သည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ၏ (၅/၂၀၀၃) အစည်းအဝေးသို့ တင်ပြခဲ့ရာ မူအားဖြင့် သဘောတူပြီး၊ အစိုးရအဖွဲ့သို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်ကို <u>နောက်ဆက်တွဲ(၁)</u> အဖြစ် ပေးပို့ထားပါသည်။

၂။ လုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ စုစုပေါင်း ကျပ် (၅၂.၂၁)သန်း ဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာများကို ပြည်တွင်းမှ ဝယ်ယူမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနထံမှ ဦးအောင်ဇော်ဦး နှင့် ဦးအောင်ဇော်လတ် အမည်ဖြင့်အသုံးပြုခွင့်ရရှိထားသော အမှတ်(၉)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ လှိုင်သာယာ စက်မှုဇုန် အပိုင်း(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းရှိ မြေ (၁,၄၂၃)ဧက (၅၇၅၈.၆၈ စတုရန်းမီတာ) နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦကို ငှါးရမ်း၍ လုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ လုပ်ငန်းမှ ထုတ်လုပ်မှု၏ (၉၉) ရာခိုင်နှုန်းကို CMP စနစ်အရ ပြည်ပသို့ တင်ပို့မည်ဖြစ်ပြီး၊ ကျန်ပယ်ထည် Reject (၁) ရာခိုင်နှုန်းအား ပြည်တွင်းတွင် ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (ဒါဇင်)
၁။	Jacket	၁၅၆၀၀
၂။	Shirt	၂၀၈၀၀
၃။	T-Shirt	၁၀၄၀၀
၄။	Trousers	၁၀၄၀၀
၅။	Hat	၃၁၂၀၀
၆။	Blouse	၁၅၆၀၀
၇။	Skirt	၁၂၄၀၀
၈။	Scarf/ Shower Cap	၁၂၄၀၀

၅။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၅)နှစ်နှင့် (၃)လဖြစ်ပြီး၊ အရင်းအနီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) မှာ (၁၃.၇၂)ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

(က) ဝင်ငွေခွန် ကျပ် ၁.၀၇ သန်း

အမေရိကန်ဒေါ်လာ ၀.၀၆ သန်း

(ခ) ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၁.၂၁ သန်း

၇။ လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း(၄၅၀)ဦး နှင့် ပြည်ပမှ ဝန်ထမ်း (၃)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၈။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသို့ သဘောထား မှတ်ချက်တောင်းခံရာ လျှပ်စစ်လိုအပ်ချက် (၁၀၀၀)ကီလိုဝပ်ဖြစ်၍ လျှပ်စစ်ဓါတ်အား ဆက်လက်ပေးနိုင်ကြောင်း ပြန်ကြားလာပါသည်။

၉။ အမှတ်(၁)စက်မှုဝန်ကြီးဌာန သို့ သဘောထားမှတ်ချက် တောင်းခံရာ ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစားညီညွတ်မှုရှိပြီး၊ တစ်နှစ်တာကုန်ကြမ်းလိုအပ်ချက် ဖော်ပြထားသည်မှာ ဆီလျော်

မှုရှိကြောင်း၊ လုပ်သားအင်အား၊ စက်အင်အားနှင့် စက်ရုံအကျယ်အဝန်း ဆီလျော်မှုရှိကြောင်း၊ တင်ပြထားသော စက်အရေအတွက်နှင့် ကုန်ထုတ်စွမ်းအား ညီညွတ်မှုရှိကြောင်းနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေနှင့်အညီ မှတ်ပုံတင် ဆောင်ရွက်နေခြင်း မရှိသေးပါကြောင်း အကြောင်း ပြန်ကြားလာပါသည်။

၁၀။ ယင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ပိုင်ဆိုင်မှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု၊ CMP ချုပ်ခရငွေများနှင့် ပတ်သက်၍ လမ်းညွှန်ချက်နှင့်အညီ လိုက်နာ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံကတိများပြုထားပါသည်။

၁၁။ ကုမ္ပဏီ မှ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားဖြစ်လုပ်ငန်းစတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၂။ <u>ဆုံးဖြတ်ရန်အချက်။</u>

(က) အထည်လက်ရာကုမ္ပဏီ လီမိတက် မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ–မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ–မတူ။

၁၃။ <u>မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။</u>

အစိုးရအဖွဲ့ ၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

(ဦးသောင်း)
ဥက္ကဋ္ဌ
ဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန

<u>ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့။</u>

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ်၊ ရက-၁/မ-၁၃ ၄၉/ ၂၀၀၂ (၄ ၂ ၄ ၇ - ဿ)
ရက်စွဲ၊ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ၅ ရက်။

ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ တင်ပြသည့်
အမှာစာ

အကြောင်းအရာ။ အထည်လက်ရာ ကုမ္ပဏီ လီမိတက် မှ CMP စနစ်ဖြင့် အထည်ချုပ် လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.) မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက် ကို (၂၇-၁၂-၂၀၀၂) နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၄၁/၂၀၀၂) အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်း ဖြစ်ပါသည်။ အဆိုပြုချက်ကို နောက်ဆက်တွဲ(၁) အဖြစ် တင်ပြထားပါသည်။

၂။ လုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ စုစုပေါင်း ကျပ် (၅၂.၂၁)သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသား ကျပ် (၃.၅၀)သန်း၊ အဆောက်အဦ တန်ဖိုး ကျပ် (၀.၅၁)သန်း၊ ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်း တန်ဖိုး ကျပ် (၂.၀၀)သန်းနှင့် စက်ပစ္စည်း ကိရိယာ တန်ဖိုး ကျပ် (၄၆.၂၀)သန်း ထည့်ဝင်ရင်းနှီးမည် ဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာများကို ပြည်တွင်းမှ ဝယ်ယူမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနထံမှ ဦးအောင်ဇော်ဦး နှင့် ဦးအောင်ဇော်လတ် အမည်ဖြင့်အသုံးပြုခွင့်ရရှိထားသော အမှတ်(၉)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ လှိုင်သာယာ စက်မှုဇုန် အပိုင်း(၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းရှိ မြေ (၁.၄၂၃)ဧက (၅၇၅၈.၆၈ စတုရန်းမီတာ) နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦကို ငှါးရမ်း၍ လုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ လုပ်ငန်းမှ ထုတ်လုပ်မှု၏ (၉၉) ရာခိုင်နှုန်းကို CMP စနစ်အရ ပြည်ပသို့ တင်ပို့မည်ဖြစ်ပြီး၊ ကျန် ပယ်ထည် Reject (၁) ရာခိုင်နှုန်းအား ပြည်တွင်းတွင် ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ်ရှိ ထုတ်လုပ်မှု နှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

စဉ်	အမျိုးအမည်	ထုတ်လုပ်မှု (ဒါဇင်)	CMP ချုပ်ခ (US$/Doz)	ပြည်တွင်းရောင်း (ကျပ်/ဒါဇင်)
၁။	Jacket	၁၅၆၀၀	၇.၆၀	၂၂၄၀၀
၂။	Shirt	၂၀၈၀၀	၄.၈၀	၁၂၄၀၀
၃။	T-Shirt	၁၀၄၀၀	၄.၄၀	၁၁၁၀၀
၄။	Trousers	၁၀၄၀၀	၇.၄၀	၁၃၄၀၀
၅။	Hat	၃၁၂၀၀	၁.၂၀	၄၀၀၀
၆။	Blouse	၁၅၆၀၀	၃.၆၀	၈၈၀၀
၇။	Skirt	၁၂၄၀၀	၆.၄၀	၁၀၀၀၀
၈။	Scarf/ Shower Cap	၁၂၄၀၀	၀.၉၀	၆၇၀၀

၅။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့်ပုံမှန်နှစ်တွင် ရရှိမည့်ဝင်ငွေနှင့် အသုံးစရိတ်ခန့်မှန်းခြေမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

(ကျပ်သန်း)

		ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က)	ဝင်ငွေ	၁၃.၃၀	၃.၁၂	၁၆.၄၂
(ခ)	အသုံးစရိတ်	၁၀.၇၉	၀.၉၈	၁၁.၇၇
(ဂ)	အသားတင်အမြတ်	၂.၅၁	၂.၁၄	၄.၆၅

၆။ လုပ်ငန်း၏ အရင်းကြေကာလမှာ (၅)နှစ်နှင့် (၃)လဖြစ်ပြီး၊ အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန် ပေါ်နှုန်း (IRR) မှာ (၁၃.၇၂)ရာခိုင်နှုန်း ဖြစ်ပါသည်။

၇။ လုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က)	ဝင်ငွေခွန်	ကျပ်	၁.၀၇ သန်း
		အမေရိကန်ဒေါ်လာ	၀.၀၆ သန်း
(ခ)	ကုန်သွယ်လုပ်ငန်းခွန်	ကျပ်	၁.၂၁ သန်း

၈။ လုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း(၄၅၀)ဦး နှင့် ပြည်ပမှ ဝန်ထမ်း (၃)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၉။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသို့ သဘောထား မှတ်ချက် တောင်းခံရာ လျှပ်စစ်လိုအပ်ချက် (၁၀၀၀)ကီလိုဝပ်ဖြစ်၍ လျှပ်စစ်ဓါတ်အား ဆက်လက်ပေးနိုင်ကြောင်း ပြန်ကြားလာပါသည်။

၁၀။ အမှတ်(၁)စက်မှု ဝန်ကြီးဌာန သို့ သဘောထားမှတ်ချက် တောင်းခံရာ ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချော ထုတ်လုပ်မှု အချိုးအစား ညီညွတ်မှုရှိပြီး၊ တစ်နှစ်တာ ကုန်ကြမ်းလိုအပ်ချက် ဖော်ပြထားသည်မှာ ဆီလျော်မှုရှိကြောင်း၊ လုပ်သားအင်အား၊ စက်အင်အားနှင့် စက်ရုံအကျယ်အဝန်း ဆီလျော်မှုရှိကြောင်း၊ တင်ပြထားသော စက်အရေအတွက်နှင့် ကုန်ထုတ်စွမ်းအား ညီညွတ်မှုရှိကြောင်းနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေနှင့်အညီ မှတ်ပုံတင် ဆောင်ရွက်နေခြင်း မရှိသေးပါကြောင်း အကြောင်း ပြန်ကြားလာပါသည်။

၁၁။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်ပြီး၊ နိုင်ငံခြားမှ မည်သူမျှ ပိုင်ဆိုင်မှု မရှိကြောင်း၊ မြေယာနှင့် ပတ်သက်၍ နိုင်ငံတော်မှ သတ်မှတ်ပြဌာန်းမည့် စည်းကမ်း သတ်မှတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်ပွားစေရန် လိုအပ်သော အစီအမံများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားမည် ဖြစ်ကြောင်း၊ မီးဘေးကြိုတင် ကာကွယ်မှုများ ပြုလုပ်ဆောင်ရွက်မည် ဖြစ်ကြောင်း၊ ပြည်နယ် တိုင်း ဒေသန္တရ စက်မှုကြီးကြပ်ရေးနှင့် လုပ်ငန်း စစ်ဆေးရေး ညွှန်ကြားမှု ဦးစီး ဌာနတွင် မှတ်ပုံတင်ထားရှိမည် ဖြစ်ကြောင်း၊ လုပ်ငန်းအသစ်ဖြစ်ကြောင်းနှင့် CMP ချုပ်ခရငွေများကို မြန်မာ့ နိုင်ငံခြားကုန်သွယ်မှုဘဏ်နှင့် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး ဘဏ်ရှိ ငွေစာရင်းသို့ ပေးသွင်းပြီး ယင်းသို့ပေးသွင်းထားသည့် နိုင်ငံခြားငွေများကို တရားဝင် ခွင့်ပြုထားသည့် ငွေလဲလှယ်ရေးဌာန များတွင် ကျပ်ငွေဖြင့် လဲလှယ်ပြီး လုပ်အားခများပေးဆောင်မည် ဖြစ်ကြောင်း ဝန်ခံကတိများ ပြုထားပါသည်။

၁၂။ ကုမ္ပဏီ မှ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထားလာပါသည်။ ဥပဒေပုဒ်မ ၁၂ အရ စီးပွားဖြစ်လုပ်ငန်း စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ် အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ပေးရမည် ဖြစ်ပါသည်။ ဥပဒေပုဒ်မ ၁၃ အရ အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များအနက် လုပ်ငန်းနှင့် သက်ဆိုင်သည့် အခွန်ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် ကော်မရှင်မှ ညှိနှိုင်း ဆုံးဖြတ်ခဲ့ ပါသည်။

၁၃။ <u>ဆုံးဖြတ်ရန်အချက်။</u>

(က) အထည်လက်ရာကုမ္ပဏီ လီမိတက် မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကို ခွင့်ပြုရန် သဘောတူ-မတူ။

(ခ) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် သဘောတူပါက မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၂ နှင့် ၁၃ ပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့် နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် သဘောတူ-မတူ။

(ဂ) မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ အရ စီးပွားဖြစ်လုပ်ငန်း စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပေးရာတွင် CMP လက်ခံစား လုပ်ငန်းများ စိစစ်ရေးကော်မတီမှ ထောက်ခံတင်ပြသည့် အလားတူ CMP လုပ်ငန်းဟောင်းများ နည်းတူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် မှ တရားဝင် ခွင့်ပြုမိန့် ထုတ်ပေးသည့်နေ့မှ စ၍ ခံစား ခွင့်ပြုရန် သဘောတူ-မတူ။

၁၄။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် ၏ ထောက်ခံချက်။

ကုန်သွယ်မှု မူဝါဒကောင်စီ ၏ ဆုံးဖြတ်ချက်ကို နာခံပါမည်။

(ဦးသောင်း)

ဥက္ကဋ္ဌ

ဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန

ကုန်သွယ်မှု မူဝါဒကောင်စီ။

ကုမ္ပဏီ ဒါရိုက်တာနှင့် အစုရှင်များ၏ နေရပ်လိပ်စာ စာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏ အမည်	ဒါရိုက်တာ/အစုရှင်များ၏ လိပ်စာ
၁။	အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.)	၁။ ဒေါ်ခင်မူယာအောင် (မန်နေဂျင်းဒါရိုက်တာ)	အမှတ်(၁၂၇)၊ ဝက်မစွပ်ဝန်ထောက်လမ်း၊ လှိုင်သာယာစက်မှုဇုန်(၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
		၂။ ဒေါ်သန္တာစိုး (ဒါရိုက်တာ)	အမှတ်(၉-က)၊ အောင်ဆုပန်လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

လုပ်ငန်းစီမံကိန်း အဆိုပြုချက်၏အဓိကအချက်များ
(မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ)

၁	ကုမ္ပဏီအမည်	သာထည်လက်ရာကုမ္ပဏီလီမိတက် (Textile Handiworks Co., Ltd.) (၁၃-၅-၂၀၀၂ နေ့တွင်မှတ်ပုံတင်ပြီး)
၂	လုပ်ငန်းအဆိုပြုသူအမည်	ဒေါ်ခင်မူယာအောင်
၃	အဆိုပြုလုပ်ငန်းအမျိုးအစား	CMP စနစ်ဖြင့်အထည်ချုပ်ခြင်းလုပ်ငန်း
၄	တည်နေရာ	လှိုင်သာယာစက်မှုဇုန်အပိုင်း (၂)၊ အမှတ်(၉) ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်း။
၅	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	ကျပ် ၅၂.၂၀၅ သန်း
	- ငွေပမာဏ	ကျပ် ၃.၅၀၀ သန်း
	- အဆောက်အဦ	ကျပ် ၀.၅၁၀ သန်း
	- ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းများ	ကျပ် ၂.၀၀၀ သန်း
	- စက်ပစ္စည်းကိရိယာ	ကျပ် ၄၆.၁၉၅ သန်း
၆	မြေအကြောင်းအရာ	
	- မြေအကျယ်အဝန်း	၁.၄၂၃ ဧက (၅၇၅၀.၆၀ စတုရန်းမီတာ)
	- မြေပိုင်ဆိုင်မှု	မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနထံမှ ဦးအောင်ဇော်ဦးနှင့်ဦးအောင်ဇော်လတ်တို့ အမည်ဖြင့်အသုံးပြုခွင့်ရရှိထားသောမြေနှင့် အဆောက်အဦ ကိုငှါးရမ်းအသုံးပြုမည်ဖြစ်ပါသည်။
	- မြေအမျိုးအစား	စက်မှုမြေ
၇	ထုတ်လုပ်မှု(ပုံမှန်နှစ်)	ဒါဇင်ထောင် ပေါင်း
	- Jacket	၁၅.၆
	- Shirt	၂၀.၀
	- T- Shirt	၁၀.၄

	(ဒါဇင် ထောင် ပေါင်း)	
- Trousers	၁၀.၄	
- Hat	၃၁.၂	
- Blouse	၁၅.၆	
- Skirt	၁၂.၄	
- Scarf / Shower Cap	၁၂.၄	
	၁၂၈.၈ (တစ်ဦး လျှင်တစ်နှစ်ပျမ်း မျှ ၃၃၉ ဒါဇင်နှုန်း ရှိပါသည်။)	
၈ ရောင်း ချမည့်စနစ်		
- CMP စနစ်အရ (ပြည်ပ)	၉၉%	
- ပြည်တွင်း ရောင်း (Reject)	၁%	
၉ ရောင်း ဈေး နှုန်း (ပုံမှန်နှစ်)	CMP စနစ်အရ (US$/Doz)	ပြည်တွင်းရောင်း (ကျပ် / ဒါဇင်)
- Jacket	၇.၆၀	၂၂၄၀၀
- Shirt	၄.၀၀	၁၂၄၀၀
- T-Shirt	၄.၄၀	၁၁၀၀၀
- Trousers	၇.၄၀	၁၃၄၀၀
- Hat	၁.၂၀	၄၀၀၀
- Blouse	၃.၆၀	၈၀၀၀
- Skirt	၆.၄၀	၁၀၀၀၀
- Scarf / Shower Cap	၁.၉၀	၆၇၀၀
၁၀ ဝင်ငွေ (ပုံမှန်နှစ်)		
- နိုင်ငံခြား ငွေဖြင့်	US$ ၀.၅၂ သန်း	
- ကျပ် ငွေဖြင့်	ကျပ် ၁၃.၃၁ သန်း	
၁၁ အသားတင်အမြတ် (ပုံမှန်နှစ်)		
- နိုင်ငံခြား ငွေဖြင့်	US$ ၀.၃၆ သန်း	
- ကျပ် ငွေဖြင့်	ကျပ် ၂.၅၁ သန်း	
၁၂ အရင်း ကျေကာလ	(၅) နှစ်နှင့် (၃) လ	

၁၃	အရင်းအနှီးအပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	(၁၃) ရာခိုင်နှုန်း
၁၄	နိုင်ငံတော်မှပုံမှန်နှစ်တွင်ရရှိမည့် အကျိုးအမြတ်	
	-ဝင်ငွေခွန် (နိုင်ငံခြားငွေဖြင့်)	US$ ၀.၀၆ သန်း
	(ကျပ်ငွေဖြင့်)	ကျပ် ၁.၀၇ သန်း
	-ကုန်သွယ်လုပ်ငန်းခွန် (ပြည်တွင်းရောင်းရငွေပေါ် ၁၀%)	ကျပ် ၁.၂၁ သန်း
၁၅	ပြင်ဆင်/မွမ်းမံမှုကာလ	(၃) လ
၁၆	ဝန်ထမ်းအင်အား	၄၅၃ ဦး
	-ပြည်တွင်း	၄၅၀ ဦး
	-ပြည်ပ	၃ ဦး
၁၇	အခြား	-စက်ပစ္စည်းများကိုပြည်တွင်းမှဝယ်ယူ၍လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ -စက်ပစ္စည်းစာရင်း၊ ကုန်ကြမ်းစာရင်းနှင့် ထုတ်လုပ်မှုစုံနှုန်းများစာရင်းကိုပူးတွဲဖော်ပြထားပါသည်။ -ကတိဝန်ခံချက်များ (အောက်ပါအတိုင်းပေးထားပါသည်။) -ယင်းလုပ်ငန်းသည်မြန်မာနိုင်ငံသားများ သာလျှင်ပိုင်ဆိုင်ပြီး နိုင်ငံခြားမှမည်သူမျှပိုင်ဆိုင်မှုမရှိကြောင်း၊ -မြေယာနှင့်ပတ်သက်၍ နိုင်ငံတော်မှသတ်မှတ်ပြဋ္ဌာန်းမည့်စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည်ဖြစ်ကြောင်း၊ -ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပွားစေရန် လိုအပ်သောအစီအမံများ ကြိုတင်ကာကွယ်မှုများ

ပြုလုပ်ထားမည်ဖြစ်ကြောင်း ၊

- မီးဘေးကြိုတင်ကာကွယ်မှုများကို ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း ၊
- CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်မှုအတွက် နိုင်ငံခြားငွေဖြင့် ရရှိသော အခကြေးငွေများကို MFTB နှင့် MICB ကိုရှိ ကုမ္ပဏီ၏ ငွေစာရင်းသို့ မပျက်မကွက် ပေးသွင်းမည်ဖြစ်ကြောင်း ၊ ယင်းသို့ ပေးသွင်းထားရှိသည့် နိုင်ငံခြားငွေများကို FEC တက်ယူ၍ နိုင်ငံတော်မှ သတ်မှတ်ခွင့်ပြုထားသည့် ငွေလဲလှယ်ရေးဌာန (Money Changer Counter) တွင် လဲလှယ်ပြီး မိမိလုပ်ငန်း အတွက်အလုပ်သမားများ၏ လုပ်အားခများ ပေးဆောင်ရမည်ကိုသိရှိ လိုက်နာမည်ဖြစ်ကြောင်း ၊
- ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေအရ ပြည်နယ်/တိုင်း ဒေသန္တရ စက်မှုကြီးကြပ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိမည်ဖြစ်ကြောင်း ၊
- လုပ်ငန်းအသစ်ဖြစ်ကြောင်း ၊
- ယင်းလုပ်ငန်း၏ ငွေကြေးအထောက်အထား အဖြစ် အထည်လက်ရာကုမ္ပဏီလီမိတက်၏ မြန်မာ မေဖလားဝါး ဘဏ်လီမိတက်ရှိ (၁၃-၈-၂၀၀၂) နေ့ဘဏ်လက်ကျန် မှာ ကျပ် (၃) သိန်း ရှိကြောင်း တင်ပြထားပါသည်။

- လျှပ်စစ်ဓာတ်အား ဝန်ကြီး ဌာနသို့သဘောထား မှတ်ချက်တောင်း ခံခဲ့ရာမြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်း မှယင်း လုပ်ငန်း သည်လုပ်ငန်း သက် အဟုတ်ဝဲတည် ဆောက်ပြီး လည်ပတ်နေ သောစက်ရုံ ဖြစ်၍လျှပ်စစ်ဓာတ်အား ရရှိသုံး စွဲလျှက်ရှိ ပါ ကြောင်း နှင့်ဆက်လက်ဓာတ်အား ပေး နိုင်ပါ ကြောင်း ပြန်ကြား လာပါသည်။ (ပူး တွဲ)

- အမှတ်(၁)စက်မှုဝန်ကြီး ဌာနမှသဘောထား ပြန်ကြား စာကွင်းကုန်ကြမ်း လိုအပ်ချက်နှင့်ကုန်ချော ထုတ်လုပ်မှုအမျိုး အစား ညီညွတ်မှုရှိပြီး ကစ်နှစ်ကာ ကုန်ကြမ်း လိုအ[illegible] ဖေါ်ပြထား သည်မှာသင့်လျော် မှုရှိ ကြောင်း ၊ လုပ်သား အင်အား ၊ ဓါတ်အင်အား နှင့်စက်ရုံအကျယ်အဝန်း သင့်လျော်မှုရှိ ကြောင်းကင် ပြထား သောစက်အရေအတွက်နှင့်ကုန်ထုတ်စွမ်းအား ညီညွတ်မှုရှိ ကြောင်း နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်း ဥပဒေနှင့်အညီမှတ်ပုံတင် ဆောင်ရွက် နေခြင်း မရှိ သေး ပါကြောင်း အကြောင်း ပြန်ကြား လာပါ သည်။ (ပူး တွဲ)

- ဆောက်လုပ်ရေး ဝန်ကြီး ဌာနသို့သဘောထား မှတ်ချက်တောင်း ခံရာအဆိုပြုမြေကွက် ပေါ်တွင် စည်း ရိုး ကာရံထား ပြီး (၁၆၇'×၂၀၄')ရှိ (၁)ထပ်စက်ရုံအဆောက်အဦ နှင့်တွဲလျှက် ၊ (၃၇'×၁၃၆') သုံး ထပ်ရုံး ခန်း အဆောက်အဦး (၁)လုံး တည်ဆောက်ထား ပြီး လုပ်ငန်း ဆောင် ရွက်နေခြင်း မရှိသေး ကြောင်း နှင့်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန်သင့် လျော်သည်ဟုယူဆကြောင်း အကြောင်း ပြန်ကြား လာပါသည်။ (ပူး တွဲ)

ခွင့်ပြုမိန့်ထုတ်ပေးပြီး အထည်ချုပ်လုပ်ငန်း ပေါင်း (၁၆၁) ခုရှိပြီး ဖြစ်ပါသည်။ ယခုအဆို ပြုလုပ်ငန်း အပါအဝင်တင်ပြထားသည့်အထည်ချုပ် လုပ်ငန်း (၆၂) ခုရှိပါသည်။

- ယခုအဆိုပြုလုပ်ငန်း သည်စက်မှုမှတ်ပုံတင်အမှတ် (ရက/ကြီး/၁၂၆၀၊ ရက်စွဲ ၁၂-၇-၂၀၀၂) ဖြင့်မှတ်ပုံတင်ထားသောလုပ်ငန်း ဖြစ်ပြီး C M P လက်ခစား စနစ်ဖြင့်လုပ်ငန်း လုပ်ကိုင်ရန်ယခုမှတင်ပြလာသောလုပ်ငန်း ဖြစ်ကြောင်း CMP လက်ခစား လုပ်ငန်း များ ဗ စစ်ရေး ကော်မတီမှလည်း တင်ပြလာပါသည်။
- ပူးတွဲပါဥပဒေပုဒ်မ ၁၂ နှင့် ၁၃ အရအခွန် ဆိုင်ရာကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ ကို ခံစား ခွင့်ပြုရန် လျှောက်ထား လာပါသည်။

အစည်းအဝေးအစီအစဉ်(   )

အကြောင်းအရာ။ အထည်လက်ရာ ကုမ္ပဏီ လီမိတက် မှ CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုတင်ပြခြင်း ကိစ္စ။

၁။ ကုမ္ပဏီအမည်	အထည်လက်ရာ ကုမ္ပဏီ လီမိတက် (Textile Handiworks Co., Ltd.)
၂။ အဆိုပြုလုပ်ငန်း အမျိုးအစား	CMP စနစ်ဖြင့် အထည်ချုပ်လုပ်ခြင်းလုပ်ငန်း
၃။ ဖွဲ့စည်းပုံ	မြန်မာကုမ္ပဏီ
၄။ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု	ကျပ် (၅၂.၂၁)သန်း (စက်ပစ္စည်းများကို ပြည်တွင်းမှ ဝယ်ယူ၍ လုပ်ကိုင်မည် ဖြစ်ကြောင်း တင်ပြထားပါသည်။)
၅။ တည်နေရာ	အမှတ် (၉)၊ ဖန်ချက်ဝန် ဦးရွှေအိုးလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း။
၆။ မြေအကြောင်းအရာ	
– မြေအကျယ်အဝန်း	(၁.၄၂၃ ဧက) (၅၇၅၈.၆၈ စတုရန်းမီတာ)
– မြေပိုင်ဆိုင်မှု	မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနထံမှ ဦးအောင်ဇော်ဦး နှင့် ဦးအောင်ဇော်လတ် အမည်ဖြင့် ရရှိထားသော မြေနှင့် အဆောက်အဦကို ငှါးရမ်း အသုံးပြုမည် ဖြစ်ပါသည်။)
မြေအမျိုးအစား	စက်မှုမြေ
၇။ ထုတ်လုပ်မှု (ပုံမှန်နှစ်)	ဒါဇင်
- Jacket	၁၅၆၀၀
- Shirt	၂၀၈၀၀
- T-Shirt	၁၀၄၀၀
- Trousers	၁၀၄၀၀
- Hat	၃၁၂၀၀
- Blouse	၁၅၆၀၀
- Skirt	၁၂၄၀၀
- Scarf/ Shower Cap	၁၂၄၀၀
အထည်မျိုးစုံ	၁၂၈၀၀၀ (တစ်ဦးလျှင် တစ်နှစ်ပျမ်းမျှ ၂၂၉ ဒါဇင်နှုန်း ရှိပါသည်။)
ရောင်းချမည့် နည်းစနစ်	
– CMP စနစ်အရ (ပြည်ပ)	၉၉%
– ပြည်တွင်းရောင်း (Reject)	၁ %

၉။	အရင်းကြေကာလ	(၅)နှစ် နှင့် (၃)လ
၁၀။	အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR)	(၁၃.၇၂) ရာခိုင်နှုန်း
၁၁။	နိုင်ငံတော်မှ ပုံမှန်နှစ်တွင်ရရှိမည့် အကျိုးအမြတ်	
	- ဝင်ငွေခွန် (ကျပ်ငွေဖြင့်)	ကျပ် ၁.၀၇ သန်း
	(နိုင်ငံခြားငွေဖြင့်)	US$ ၀.၀၆ သန်း
	- ကုန်သွယ်လုပ်ငန်းခွန်	ကျပ် ၁.၂၁ သန်း
၁၂။	ဝန်ထမ်းအင်အား	၄၅၃ ဦး
	- ပြည်တွင်း	၄၅၀ ဦး
	- ပြည်ပ	၃ ဦး
၁၃။	သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်	- လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ သဘောထား မေးမြန်းခဲ့ရာ လုပ်ငန်းဟောင်းဖြစ်၍ ဓါတ်အားပေးနိုင်ပါကြောင်း ပြန်ကြားလာပါသည်။ - အမှတ်(၁)စက်မှု ဝန်ကြီးဌာနမှ ကန့်ကွက်ရန် မရှိကြောင်း ပြန်ကြားလာပါသည်။ အဆိုပြုလုပ်ငန်းသည် စက်မှုမှတ်ပုံတင် အမှတ် (ရက-ကြီး/၁၂၆၀၊ ရက်စွဲ ၁၂-၈-၂၀၀၂) ဖြင့် မှတ်ပုံတင်ထားသော လုပ်ငန်းဖြစ်ပြီး၊ CMP လက်ခစား စနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ရန် ယခုမှ တင်ပြလာသော လုပ်ငန်းဖြစ်ကြောင်း၊ CMP လက်ခစား လုပ်ငန်းများ စိစစ်ရေး ကော်မတီမှလည်း တင်ပြလာပါသည်။
၁၄။	ငွေကြေးခိုင်မာမှု အထောက်အထား	ငွေကြေးဆိုင်ရာ အထောက်အထားအဖြစ် အထည်လက်ရာ ကုမ္ပဏီ လီမိတက်၏ မြန်မာမေဖလားဝါးဘဏ် လီမိတက် ရှိ (၁၃-၈-၂၀၀၂) နေ့ ရှိ ဘဏ် လက်ကျန်ငွေ ကျပ် (၃)သန်း ရှိကြောင်း တင်ပြထားပါသည်။
၁၅။	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် အစည်းအဝေး	(၂၇-၁၂-၂၀၀၂)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၄၁/၂၀၀၂) အစည်းအဝေးမှ ကုန်သွယ်မှု မူဝါဒ ကောင်စီသို့ တင်ပြလမ်းညွှန်မှု ခံယူရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်း ဖြစ်ပါသည်။
၁၆။	ကုန်သွယ်မှု မူဝါဒ ကောင်စီ အစည်းအဝေး	(၃၀-၁-၂၀၀၃)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ကုန်သွယ်မှု မူဝါဒ ကောင်စီ အစည်းအဝေး (၅/၂၀၀၃) မှ စိစစ်ပြီး၊ အစိုးရအဖွဲ့သို့ တင်ပြရန် ထောက်ခံထားပြီးဖြစ်ပါ၍ ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။
၁၇။	အခွန်ကင်းလွတ်ခွင့်/သက်သာခွင့်	ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ အရ ခွင့်ပြုရန်။
၁၈။	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုမိန့် ထုတ်ပေးပြီးသော လုပ်ငန်းများ	ခွင့်ပြုမိန့် ထုတ်ပေးပြီး အထည်ချုပ်လုပ်ငန်းပေါင်း (၁၈၃)ခု ရှိပြီး ဖြစ်ပါသည်။ ယခုအဆိုပြု လုပ်ငန်း အပါအဝင် တင်ပြထားဆဲ အထည်ချုပ် လုပ်ငန်း (၅၂)ခု ရှိပါသည်။

ဥက္ကဋ္ဌသိသာပါရန်

ထုတ်လုပ်မှု (ပုံမှန်နှစ်)

အထည်အမျိုးအစား	ဒါဇင်	ချုပ်ခနှုန်း (US$/Doz)	မျှော်မှန်းသော CMP လက်ခရငွေ (US$)
- Jacket	၁၅၆၀၀	၇.၆၀	၁၁၈၅၆၀
- Shirt	၂၀၈၀၀	၄.၈၀	၉၉၈၄၀
- T-Shirt	၁၀၄၀၀	၄.၄၀	၄၅၇၆၀
- Trousers	၁၀၄၀၀	၇.၄၀	၇၆၉၆၀
- Hat	၃၁၂၀၀	၁.၂၀	၃၇၄၄၀
- Blouse	၁၅၆၀၀	၃.၆၀	၅၆၁၆၀
- Skirt	၁၂၄၀၀	၆.၄၀	၇၉၃၆၀
- Scarf/ Shower Cap	၁၂၄၀၀	၀.၉၀	၁၁၁၆၀
စုစုပေါင်း	၁၂၈၈၀၀		၅၂၅၄၀

(တစ်ဦး တစ်နှစ် ပျမ်းမျှ (၃၃၉) ဒါဇင်နှုန်း ရှိပါသည်။)

- အဆိုပြုလွှာပါ ပြည်တွင်း အလုပ်သမား (၄၅၀) ဦး ရှိပါသည်။

  ထို့ကြောင့် အဆိုပြုလွှာပါ တစ်ဦး တစ်လ = (US$ ၅၂၅၂၄၀ ÷ ၄၅၀ ဦး) ÷ ၁၂

  အတွက် မျှော်မှန်းသော ချုပ်ခရငွေ

  = (၉၇) ဒေါ်လာ ဖြစ်ပါသည်။

R · ၃၂၅
၉/၁၀

၃၅၂၈
၆/၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

စာအမှတ်၊ ၈၂ / ခွဲ-၃ / ၂၀၀၂ (စီ ၃၂၆၆)
ရက် စွဲ၊ ၂၀၀၂ခုနှစ် အောက်တိုဘာလ ၈ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

အကြောင်းအရာ။ **လုပ်ငန်းဆောင်ရွက်မည့် မြေနေရာပြောင်းလဲခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၀၂ခုနှစ် ဩဂုတ်လ (၂၆)ရက်နေ့စွဲပါစာအမှတ်၊ ရက-၁/မ-၈၁၈/၂၀၀၂ (၂၂၇၁)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနပိုင်ရန်ကုန်တိုင်း၊ လှိုင်သာယာစက်မှုဇုန်အပိုင်း(၄)၊ မြေကွက်အမှတ်(၁၂၇)၊ ဧရိယာ(၁. ၀၀၁)ဧကရှိ မြေနေရာမှ လှိုင်သာယာစက်မှုဇုန်အပိုင်း(၂)၊ မြေကွက်အမှတ် (၉) ၊ ဧရိယာ (၁. ၄၂၃)ဧကရှိ မြေနေရာသို့ ပြောင်းလဲ၍C M Pစနစ်ဖြင့်အထည်ချုပ်လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် အထည်လက်ရာကုမ္ပဏီမှ အဆိုပြုလာခြင်းနှင့်စပ်လျဉ်း၍ ပြောင်းလဲဆောင်ရွက်ရန် တင်ပြသည့် မြေကွက်ကို စိစစ်ရာ မြေကွက်ပေါ်တွင် စည်းရိုးကာရံထားပြီး (၁၆၈'×၂၀၄') ရှိ (၁)ထပ်စက်ရုံ အဆောက်အဦးနှင့် တွဲလျက် (၃၈'×၁၃၆') ၊ (၃)ထပ်ရုံးခန်းအဆောက်အဦး (၁)လုံး တည်ဆောက်ထားပြီး လုပ်ငန်း ဆောင်ရွက်နေခြင်း မရှိသေးကြောင်း တွေ့ရှိရပါသည်။

၂။ သို့ပါ၍ အဆိုပြု မြေကွက်ပေါ်တွင် C M P စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် သင့်လျော်သည်ဟု ယူဆပါကြောင်း တင်ပြအပ်ပါသည် ။

၈/၁၀/၂၀၀၂

ဝန်ကြီး(ကိုယ်စား)
(တင့်ဆွေ၊ ဒုတိယဝန်ကြီး)

မိတ္တူကို
- ညွှန်ကြားရေးမှူးချုပ် ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ။

Aye/53

၆ ၁၀/၁၀/၀၂

DD (ws) (C)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း

စာအမှတ်၊ ၃၈၈/ အသဖ(ထ)ရင်းနှီးမြှုပ်နှံမှု/ ၂၀၀၂။

ရက်စွဲ ၊ ၂၀၀၂ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်။

အကြောင်းအရာ။ ။ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ။

ရည်ညွှန်းချက် ။ ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁၇-၁၀-၂၀၀၂နေ့စွဲပါ စာအမှတ် - ရက-၁/မ-သဘောထား/၂၀၀၂(၃၀၆၃-၈)။

၁။ မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်ခွင့်အဆိုပြုလွှာများနှင့် ပတ်သက်၍ ရည်ညွှန်းစာဖြင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ သဘောထားမှတ်ချက် တောင်းခံလာပါသည်။

၂။ နောက်ဆက်တွဲ(က)ပါ(၉)ဦးမှာလုပ်ငန်းသစ်များမဟုတ်ဘဲ တည်ဆောက်ပြီးလည်ပတ်နေသော စက်ရုံများဖြစ်၍ လျှပ်စစ်ဓာတ်အားရရှိသုံးစွဲလျှက်ရှိပါသည်။ ဆက်လက်ဓာတ်အားပေးနိုင်ပါသည်။

၃။ နောက်ဆက်တွဲ(ခ)ပါ လုပ်ငန်းသစ် (၂)ဦးအားလည်း ဓာတ်အားဆက်သွယ်ပေးနိုင်ပါကြောင်း ပြန်ကြားအစီရင်ခံ အပ်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)

(ဒေါက်တာစန်းဦး-အင်ဂျင်နီယာချုပ်)

နောက်ဆက်တွဲ(က)

မြန်မာနိုင်ငံသားများရင်းနှီးမြုပ်နှံမှု ဥပဒေအရ လုပ်ငန်းဆောင်ရွက်ခွင့် တင်ပြလာသည့် အဆိုပြုချက်များ

စဉ်	ကုမ္ပဏီအမည်နှင့် အဆိုပြုသူအမည်	လုပ်ငန်းအမျိုးအစား	ရင်းနှီးမြုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ	လျှပ်စစ်ဓာတ်အား လိုအပ်ချက်	လျှပ်စစ်ဓာတ်အား လက်ရှိသုံးစွဲနေမှု	မှတ်ချက်
၁။	ပစိဖိတ်ဇာပန်းထိုးသူများ ကုမ္ပဏီလီမိတက် ဦးရွှေ	CMP စနစ်ဖြင့် စက်ထိုးထည်လုပ်ငန်း	ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၃၃/၄၀)။	၃၀၀-ကီလိုဝပ်	၁၀၀ကေဗွီအေထရန်စဖော်မာ (၁)လုံးတပ်ဆင်သုံးစွဲနေပါသည်။	
၂။	Prime Industries & Business Co;Ltd. ဦးခင်ထွန်း	CMP စနစ်ဖြင့် အထည်ချုပ်လုပ်ငန်း	ရွှေပြည်သာမြို့နယ်စက်မှုဇုန်အပိုင်း(၃)၊ မြေတိုင်းရပ်ကွက်အမှတ်(၆၄)၊မြေကွက်အမှတ်(၅၆)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း။	၃၇၅-ကေဗွီအေ	၃၁၅ကေဗွီအေထရန်စဖော်မာ (၁)လုံးတပ်ဆင်သုံးစွဲနေပါသည်။	
၃။	UMH Co;Ltd. ဦးမြင့်ငွေ	CMP အထည်ချုပ်လုပ်ငန်း (အဟောင်း)	ရွှေပြည်သာမြို့အိုးရှည်ကုန်းရပ်ကွက်၊ အမှတ်(၄)၊လမ်းမကြီး၊ အမှတ်(၅၃၈)။	၄၀၀-ကေဗွီအေ	၃၁၅ကေဗွီအေထရန်စဖော်မာ (၁)လုံးတပ်ဆင်သုံးစွဲနေပါသည်။	
၄။	ဆဠဂံသတ္တုစက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်။ ဦးလှစိုး	Cable Trunking Products များထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း။	လှိုင်သာယာ စက်မှုဇုန် (၁)၊ ကွင်းသင်းတိုက်ဝန်ဦးထွန်းညိုလမ်း၊ မြေကွက်အမှတ်(၆၈)၊	၅၀၀-ကေဗွီအေ	၃၁၅ကေဗွီအေထရန်စဖော်မာ (၁)လုံးတပ်ဆင်သုံးစွဲနေပါသည်။	
၅။	အထည်လက်ရာ ကုမ္ပဏီလီမိတက်။ ဒေါ်ခင်မူယာအောင်	CMP စနစ်ဖြင့် အထည်ချုပ် လုပ်ငန်း။	လှိုင်သာယာစက်မှုဇုန် (၂)၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း။ အမှတ် (၉)	၁၀၀၀-ကီလိုဝပ်	၅၀၀ကေဗွီအေထရန်စဖော်မာ (၁)လုံးတပ်ဆင်သုံးစွဲနေပါသည်။	
၆။	ပတ္တမြားအထည်ချုပ်ထုတ် လုပ်မှုကုမ္ပဏီလီမိတက်။ ဦးလှထွန်း	CMP စနစ်ဖြင့် အထည်ချုပ် လုပ်ငန်း။	လှိုင်သာယာစက်မှုဇုန် (၂)၊ ကနောင်မင်းသားကြီးလမ်း။ မြေကွက်အမှတ်(၂၃၅)။	၁၀၀၀-ကီလိုဝပ်	၃၁၅ကေဗွီအေထရန်စဖော်မာ (၁)လုံးတပ်ဆင်သုံးစွဲနေပါသည်။	

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမှတ် (၁) စက်မှုဝန်ကြီးဌာန

စာအမှတ် ၂၉/၁၈ (၁) / ၂၀၀၁ (၁၂၃၆၁)

ရက်စွဲ၊ ၂၀၀၁၊ ခုနှစ် ဒီဇင်ဘာ လ ၄ ရက်။

အကြောင်းအရာ။ **သဘောထား မှတ်ချက်ပြန်ကြားခြင်းကိစ္စ**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၀၁ ခုနှစ် အောက်တိုဘာလ ၃၁ ရက်စွဲပါစာအမှတ်၊ ရက-၁ / မ-၇၇၇/၂၀၀၁(၈၈၅၇-၃)

၁။ ချည်ထည်လက်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်သည် ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၄)၊ ဝက်မစွတ်ဝန်ထောက်လမ်း၊ အမှတ်(၁၂၇) ရှိ မြေ ၁.၀၀၁ ဧကရှိ မြေနှင့်အဆောက်အဦကိုငှားရမ်း၍ C M P စနစ်ဖြင့်အထည်ချုပ်လုပ်ငန်းလုပ်ကိုင်လိုခြင်းနှင့်ပတ်သက်၍ ဤဝန်ကြီးဌာန၏သဘောထား မှတ်ချက်ကိုပြန်ကြားပေးပါရန် ရည်ညွှန်းစာဖြင့် မေတ္တာရပ်ခံခဲ့ပါသည်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ကော်မရှင်၏စာဝင်ပါစိစစ်ပေး စေလိုသည့် အချက်များအပြင်အဆိုပြုလွှာပါအချက်များအား စိစစ်ခဲ့ရာ အောက်ဖော်ပြပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) အဆိုပြုလုပ်ငန်း မှတင်ပြထားသော Jacket,Shirt, T-Shirt Trousers, Hat, Blouse တို့၏ C M P ချုပ်ခနှုန်းထားများ မှာဆီလျော်မှုရှိပါသည်။ သို့ရာတွင် C M P Price သည်ချုပ်ထည် များ၏ Style, Process နှင့် ပေးပို့မည့်တိုင်းပြည်အပေါ်မူ တည်၍ကွဲပြားခြားနားတတ်ပါသည်။

(ခ) ကုန်ကြမ်းလိုအပ်ချက်နှင့်ကုန်ချောထုတ်လုပ်မှုအချိုးအစား မှာ ချုပ်ထည်အမျိုးအစား၏ Process ပေါ်မူတည်၍ Style တစ်မျိုးနှင့်တစ်မျိုးကွဲပြားခြားနားတတ်ပါသည်။ ချုပ်ထည်အမျိုးအစားတစ်မျိုးတည်းကိုပင် Process မှာတစ်ထပ် (သို့မဟုတ်) နှစ်ထပ်၊ အိတ်ကပ်အရေအတွက်၊ ဇစ်အရေအတွက်၊ တစ်လက်မအဝင် ချည်ပင်ရေ၊ ကြယ်သီးအရေအတွက်၊ ချုပ်ထည်တစ်ထည်တွင် ပါဝင်

သည့်အပိုင်း အစအနည်း အများ Matching ပါ-မပါ စသည့် Process ပေါ် မူတည်၍ကုန်ကြမ်း လိုအပ်ချက်နှင့်ကုန်ချော ထုတ်လုပ်မှုအမျိုး အစား ကွာခြား ပါသည်။ အဆိုပြုလုပ်ငန်းအနေဖြင့် ချုပ်ထည်များ၏ကုန်ကြမ်း လိုအပ်ချက်နှင့်ကုန် ချောထုတ်လုပ်မှုအမျိုး အစား မှာ ယေဘူယျအား ဖြင့်ညီညွတ်မှုရှိပါသည်။

(ဂ) ကုန်ကြမ်း လိုအပ်ချက်နှင့်ကုန် ချောထုတ်လုပ်မှုအမျိုး အစား ညီညွတ်မှုရှိသည့်အတွက် တစ်နှစ်တာကုန်ကြမ်း လိုအပ်ချက် ဖော်ပြထားမှုမှာဆီလျော်မှုရှိပါသည်။

(ဃ) လုပ်သား အင်အား ၊ စက်အင်အား နှင့်စက်ရုံအကျယ်အဝန်း ဆီလျော်မှုရှိပါသည်။

(င) စက်ရုံအကျယ်အဝန်း မြေဧရိယာ ၁.၀၀ ဧကနှင့်၄င်း မြေပေါ်တွင် ၁၂၀' × ၁၀၇' ကျယ်နှစ်ထပ်အဆောက်အဦနှင့် တွဲလျက် ၄၀' × ၄၀' တစ်ထပ်အဆောက်အဦမှာအထည်ထုတ်လုပ် သောလုပ်ငန်း အတွက်ဆီလျော်မှုရှိပါသည်။

(စ) အဆိုပြုတင်ပြထား သောစက်အရေအတွက်နှင့်ကုန်ထုတ်စွမ်းအား အမျိုး အစား မှာညီညွတ်မှုရှိပါသည်။

